# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူများသို့ မြန်မာပြည်သူလူထု၏ သဘောထားဆန္ဒနှင့် ပြည်သူ့တော်လှန်ရေးကြီး အခြေအနေမှန်ကို သိရှိနိုင်ပါရန် ပေးပို့သည့် အိတ်ဖွင့်ပေးစာ

ရက်စွဲ။ ဒီဇင်ဘာလ (၁၇) ရက် ၂၀၂၃ ခုနှစ်။

သို့

မစ္စတာ ရှီကျင့်ဖျင်

အထွေထွေအတွင်းရေးမှူးချုပ်

တရုတ်ပြည်ကွန်မြူနစ်ပါတီ

သို့

မစ္စတာ ရှီကျင့်ဖျင်

နိုင်ငံတော်သမ္မတ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

သို့

မစ္စတာ ဝမ်ယိ

နိုင်ငံခြားရေးဝန်ကြီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

သို့

ပြည်သူ၊ ပြည်သားများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၁။ တရုတ်နှင့် မြန်မာတို့သည် နှစ်နိုင်ငံကြား သမိုင်းကြောင်းအရ အလွန်ရှည်ကြာ၍ ခိုင်မာနီးကပ်သည့် ဆက်ဆံရေးအစဉ်အလာကောင်းများ ရှိခဲ့ကြပါသည်။ ကမ္ဘာ့အဆင့် ထိပ်တန်းအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် မိမိတို့အတွက် အထူးအရေးပါသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်ဟု မြန်မာပြည်သူအပေါင်းက နားလည်၊ ခံယူထားပါသည်။

၂။ တရုတ်နှင့် မြန်မာ နှစ်နိုင်ငံသည် ကီလိုမီတာအားဖြင့် (၂၁၀၀) ကျော်ထိတိုင် ထိစပ်နေကြပြီး အပြန်အလှန် အမှီသဟဲပြုကာ ကမ္ဘာတည်သရွေ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားကြရမည့် အိမ်နီးချင်းနိုင်ငံများလည်း ဖြစ်ကြပါသည်။

၃။ ကိုလိုနီဘဝမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကို ပြန်လည်သုံးသပ်ပါက မြန်မာနိုင်ငံတွင် ပြည်သူကို ကိုယ်စားပြုပြီး ပြည်သူက လိုလားထောက်ခံသည့် အစိုးရနှင့် အုပ်ချုပ်ရေးစနစ်များ ရှိသည့်အချိန်တွင်သာ နှစ်နိုင်ငံ အမျိုးသား အကျိုးစီးပွါးများကို စောင့်ရှောက်နိုင်သည့်၊ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးကို အာမခံနိုင်သည့် "ဆွေမျိုးပေါက်ဖော်"

ဆက်ဆံရေး အစစ်အမှန်ကို တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့မြင်နိုင်ပါသည်။ ၎င်းအခြေအနေမျိုးတွင်သာ နှစ်နိုင်ငံ အကျိုးတူ ဖွံ့ဖြိုးတိုးတက်မှုများကို အမှန်တကယ် ဖော်ဆောင်နိုင်ခဲ့ကြပါသည်။

၄။ လွန်ခဲ့သည့် ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ်က မြန်မာစစ်တပ်က မင်းအောင်လှိုင် ဦးဆောင်သည့် စစ်ဗိုလ်ချုပ်ဆိုးများသည် မြန်မာပြည်သူများက ရွေးချယ် တင်မြှောက်ထားသော နိုင်ငံ့ခေါင်းဆောင်များကို ဖမ်းဆီးကာ နိုင်ငံတော်အာဏာကို လက်နက်အားကိုး အဓမ္မ သိမ်းပိုက်ခဲ့ပါသည်။

၅။ မင်းအောင်လှိုင် ဦးဆောင်သော အဆိုပါ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို အလယ်အလတ်နှင့် အောက်ခြေအဆင့်မှ မြန်မာစစ်တပ် တပ်မှူးတပ်သား အများအပြား အပါအဝင် မြန်မာပြည်သူအားလုံးက လုံးဝ (လုံးဝ) လက်မခံပါ။ သို့ပါ၍ မြန်မာပြည်သူလူထုက စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင် တော်လှန်ကြသည့် "ပြည်သူ့တော်လှန်ရေးကြီး" ကို ယနေ့ အချိန်ကာလ (၃) နှစ်ခန့်ကြာခဲ့သည်အထိ နေ့စဉ်မပျက် ဆင်နွှဲနေကြပါသည်။

၆။ ဤတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အထူးအလေးအနက် အသိပေးလိုသည်မှာ မြန်မာပြည်သူလူထုတရပ်လုံး ပါဝင်ဆင်နွှဲနေကြသော ယခုတော်လှန်ရေးကြီး၏ လာရာနှင့် ဖော်ဆောင် ဖြတ်သန်းနေမှုသည် အနောက်နိုင်ငံများအပါအဝင် မည်သည့်နိုင်ငံ၊ မည်သည့် ကမ္ဘာ့နိုင်ငံရေးအုပ်စု၏ အလိုကျ ကြိုးဆွဲမှု၊ လှုံ့ဆော်မှုမျိုးကြောင့် လုံးဝ (လုံးဝ) မဟုတ်ပါ။ အလားတူပင် ဤတော်လှန်ရေးကြီး၏ လားရာပန်းတိုင်သည်လည်း တရုတ်အပါအဝင် မည်သည့် အိမ်နီးချင်းနိုင်ငံ၊ မည်သည့် ကမ္ဘာ့နိုင်ငံတရပ်ရပ်၏ အကျိုးစီးပွါးကိုမျှ ထိခိုက်နစ်နာစေမှုမျိုး လုံးဝ (လုံးဝ) မဖြစ်စေရပါ။

၇။ ယခု မြန်မာပြည်သူပြည်သားအားလုံး ထောက်ခံ၊ ပါဝင်၊ ဆင်နွှဲနေကြသော ပြည်သူ့တော်လှန်ရေးကြီးသည် ဖက်ဆစ် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ပြည်သူ လိုလားလက်ခံသည့် ပြည်သူ့ကိုယ်စားပြု ဒီမိုကရေစီအစိုးရစနစ် ပေါ်ထွန်းရေး၊ လူမျိုးပေါင်းစုံ တန်းတူရည်တူရှိသည့် ဖက်ဒရယ်စနစ် တည်ဆောက်ရေး စသည်တို့ကို ဦးတည်ရှေးရှုကာ ဖော်ဆောင်နေခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သော နိုင်ငံရေးစနစ်များကို ဖော်ဆောင်နိုင်မှသာလျှင် တရားဥပဒေစိုးမိုး၍ တည်ငြိမ်၊ အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် မြန်မာနိုင်ငံကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံသည် တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်တလျှောက် တည်ငြိမ်ရေးကိုလည်းကောင်း၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ ကင်းစင်ပပျောက်ရေးကိုလည်းကောင်း၊ နှစ်နိုင်ငံ ရင်းနှီးမြုပ်နှံမှုများနှင့် အကျိုးတူ စီးပွားဖြစ်ထွန်းရေးတို့ကိုလည်းကောင်း အာမခံနိုင်သည့် အိမ်နီးချင်းနိုင်ငံကောင်းတရပ် ဖြစ်လာပါလိမ့်မည်။

၈။ ဤတွင် အထူးအလေးအနက်ထား ပြောလိုသည်မှာ စစ်အာဏာသိမ်းပြီးနောက် ပြည်သူလူထုသဘောထားအရ အပြီးတိုင် ဖျက်သိမ်းခဲ့ပြီးဖြစ်သော "ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈)" သည်

မြန်မာနိုင်ငံရေးပြဿနာ၏ အဖြေ လုံးဝ မဖြစ်နိုင်ပါ။ မြန်မာပြည်သူလူထုအားလုံးကလည်း စစ်အာဏာဏာမသိမ်းခင် အခြေအနေအတိုင်း ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေအောက်သို့ ပြန်လည်ရောက်ရှိမည့် အဖြစ်မျိုးကို လုံးဝ လက်မခံနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်များက စိတ်တိုင်းကျ အသားစီးယူ ရေးဆွဲအတည်ပြုထားခြင်းသာဖြစ်ပြီး ၎င်းဥပဒေအတိုင်းသာဆိုပါက မြန်မာနိုင်ငံသည် စစ်တပ်၏ ကြီးစိုးအုပ်ချုပ်မှုအောက်တွင် ရာသက်ပန် နေသွားရတော့မည်ဖြစ်သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေ ရှိနေသရွေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာသည် ပြေလည်စရာအကြောင်း မရှိသလို နယ်စပ်တည်ငြိမ်ရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည် မဟုတ်ပါ။

၉။ မင်းအောင်လှိုင် ဦးဆောင်သော စစ်ဗိုလ်ချုပ်ဆိုးများသည် ၎င်းတို့အစဉ်အဆက်အားဖြင့် လက်ယာအစွန်းရောက် ဖက်ဆစ်ဝါဒကို စွဲကိုင်ယုံကြည်ကြသူများသာဖြစ်ပါသည်။ ၎င်းတို့သည် မြန်မာပြည်သူများနှင့် ပြည်သူ့အိုးအိမ်စည်းစိမ်များကို နေ့စဉ်နှင့်အမျှ ရက်စက်စွာ အကြမ်းဖက် သတ်ဖြတ်၊ ဖျက်ဆီးနေကြပါသည်။ ဖက်ဆစ်ဝါဒီများ မည်မျှရက်စက်ယုတ်မာသည်ကို ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်သူများနှင့် တူညီသော သမိုင်းဖြတ်သန်းမှု အတွေ့အကြုံရှိသည့် တရုတ်ပြည်သူ ပြည်သားများကလည်း ကောင်းစွာ နားလည် သဘောပေါက်ကြပြီး ဖြစ်မည်ဟု ယုံကြည်ပါသည်။

၁၀။ ထို့အပြင် ဖက်ဆစ်အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုနှင့် ၎င်းတို့၏ လက်ဝေခံ နယ်ခြားစောင့်တပ်များ၊ ပြည်သူ့စစ်များသည် တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးကိုလည်းကောင်း၊ နှစ်နိုင်ငံ အမျိုးသား လုံခြုံရေးကိုလည်းကောင်း၊ နယ်စပ် တည်ငြိမ်ရေးကိုလည်းကောင်း ထိခိုက်ပျက်စီးစေသည့် ကျားဖြန့် အွန်လိုင်းလောင်းကစား လုပ်ငန်း၊ လူကုန်ကူးမှုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများစွာ၏ ပင်မလက်သည်တရားခံများသာ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့အားလုံးသည် တရုတ်-မြန်မာ နှစ်နိုင်ငံလုံး၏ “ဘုံရန်သူ” များပင် ဖြစ်ပါသည်။

၁၁။ ယခုအခါတွင် “ပြည်သူ့စစ်မဟာဗျူဟာ” နှင့်အညီ မြန်မာနိုင်ငံမှ လူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ ပူးပေါင်းပါဝင်ကြသော လက်နက်စွဲကိုင် “ခုခံစစ်တိုက်ပွဲ” နှင့် “လူထုတိုက်ပွဲ” တို့ကြောင့် စစ်အာဏာသိမ်းအုပ်စုသည် တဖြည်းဖြည်း အရေးနိမ့်လာနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် အခြားသော တော်လှန်ရေး အင်အားစုများသည် တနိုင်ငံလုံး ဧရိယာ၏ အနည်းဆုံး (၆၀ %) ကျော်ကို စိုးမိုး ထိန်းချုပ်ထားနိုင်ပြီလည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပြည်သူလူထုတရပ်လုံး၏ ယုံကြည်ထောက်ခံမှု အလျင်းကင်းမဲ့နေသော ဖက်ဆစ် အာဏာသိမ်း စစ်အုပ်စု၏ ကျရှုံးချိန်မှာ နီးကပ်လာပြီဖြစ်သည်။

၁၂။ ဤကဲ့သို့ မြန်မာနိုင်ငံတွင် ပြည်သူလူထု ထောက်ခံမှု လုံးဝ ကင်းမဲ့၍ အဖက်ဖက်က အထွေထွေအကြပ်အတည်းဆိုက်နေသော အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ သက်ဆိုးရှည်ရေးနှင့် အာဏာတည်မြဲစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တာဝန်ရှိသူများကို

နည်းလမ်းပေါင်းစုံဖြင့် ချည်းကပ်၊ အကူအညီတောင်းနေသည်ဟု ကြားသိရပါသည်။ ဤရက်ပိုင်းများအတွင်း မြန်မာနိုင်ငံမှ အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုအား ခုခံတွန်းလှန်နေမှုများကို ရပ်တန့်ရန်၊ ၎င်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအချို့အပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူအချို့က ဖိအားပေးတောင်းဆိုခဲ့သည်ဟူသော သတင်းများကို သတင်းမီဒီယာများမှတဆင့် ကြားသိရသဖြင့် မြန်မာပြည်သူလူထုသည် အလွန်ပင် အမျက်ဒေါသ ထွက်နေကြပါသည်။

၁၃။ သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိ လူကြီးမင်းများသို့ မြန်မာပြည်သူလူထုကိုယ်စား ကျွန်ုပ်တို့က အောက်ပါတို့ကို အလေးအနက် သတင်းစကားပါး၊ တောင်းဆိုအပ်ပါသည်-

(၁) မင်းအောင်လှိုင် ဦးဆောင်သော ဖက်ဆစ် စစ်အုပ်စု၏ အာဏာသိမ်းမှုကို ဆန့်ကျင်၍ ပြည်သူ့တော်လှန်ရေးကြီးကို အစွန်းကုန် ဆင်နွှဲနေကြသည့် မြန်မာပြည်လူလူထု တရပ်လုံး၏ အသံနှင့် သဘောထားဆန္ဒကို အလေးထား၊ ဂရုပြုရန်။

(၂) မြန်မာပြည်သူတရပ်လုံး ပါဝင်ဆင်နွှဲနေကြသည့် ပြည်သူ့တော်လှန်ရေးကြီးအပေါ် အနှောက်အယှက်၊ အဟန့်အတားဖြစ်စေနိုင်သော၊ ဖက်ဆစ် အကြမ်းဖက်အာဏာသိမ်း စစ်အုပ်စုကို သက်ဆိုးရှည်စေနိုင်သော လုပ်ရပ်များ (ဥပမာ၊ အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုကို နိုင်ငံရေး၊ စစ်ရေးအရ ကူညီအားပေး ထောက်ခံခြင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကို အကြမ်းဖက် စစ်အုပ်စုနှင့် မဖြစ်မနေ စေ့စပ်ဆွေးနွေးကြရန် အကြပ်ကိုင် ဖိအားပေးခြင်း) ကို တရုတ်နိုင်ငံက ပြုမူ ဆောင်ရွက်နေခြင်းကို အမြန်ဆုံး ရပ်တန့်က ရပ်ရန်။

(၃) မြန်မာပြည်သူလူထုအနေဖြင့် တရုတ်နိုင်ငံနှင့် တရုတ်အစိုးရအပေါ် အမျက်ဒေါသထွက်စေမည်ဖြစ်သော၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွါး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကို ပျက်ပြားစေမည်ဖြစ်သော လုပ်ရပ်အားလုံးကို အမြန်ဆုံး ရပ်တန့်က ရပ်ရန်။

၁၄။ အကယ်၍ ယခုကဲ့သို့ လေးစားယုံကြည်လျက် ပေးပို့သည့် သတင်းစကားနှင့် တောင်းဆိုမှုများကို အလေးမထားဘဲ တရုတ်နိုင်ငံ တာဝန်ရှိသူများက မင်းအောင်လှိုင် ဖက်ဆစ် အာဏာသိမ်းစစ်အုပ်စု သက်ဆိုးရှည်ရေး၊ အာဏာတည်မြဲရေးအတွက် ထောက်ခံပံ့ပိုးမှုများကို ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက မြန်မာပြည်သူလူထုအနေဖြင့်လည်း မိမိတို့ တုံ့ပြန်ဆောင်ရွက်သင့်သည်တို့ကို မဖြစ်မနေ ဆက်လက် ဆောင်ရွက်သွားဖြစ်ကြောင်းကိုလည်း တပါတည်း ဖော်ပြအပ်ပါသည်။

**“ဖက်ဆစ်တပ်နဲ့ပေါင်းပြီး မြန်မာပြည်သူတွေကို သတ်နေတာ ချက်ချင်းရပ်”**

**“ဖက်ဆစ် အကြမ်းဖက် စစ်အုပ်စု အသက်ဆက်ရေး ဆွေးနွေးပွဲများ . . . အလိုမရှိ-အလိုမရှိ”**

**“တရုတ်-မြန်မာ အနာဂတ်အတွက် အဖိနှိပ်ခံ ပြည်သူများနဲ့ အတူရပ်ပါ”**

{တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ဘုံအကျိုးစီးပွားများကို ထိန်းသိမ်းမြှင့်တင်ရေး၊ စစ်မှန်သည် "ဆွေမျိုး-ပေါက်ဖော်" ဆက်ဆံရေးတို့ကို တည်ဆောက်နိုင်ရန် မျှော်ရည်လျက် မြန်မာပြည်သူလူထုတရပ်လုံး၏ သဘောထားဆန္ဒနှင့်အညီ ဤအိတ်ဖွင့်ပေးစာကို အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု (General Strike Coordination Body - GSCB) အပါအဝင် အောက်ဖော်ပြပါ **မြန်မာလူထုအခြေပြုနှင့် တော်လှန်ရေးအဖွဲ့အစည်းပေါင်း (၂၅၅) ဖွဲ့**က ပေးပို့ပါသည်}

ဤအိတ်ဖွင့်ပေးစာနှင့်စပ်လျဉ်း၍ ထပ်မံ သိရှိလိုပါက အောက်ပါတို့ကို ဆက်သွယ်နိုင်ပါသည်-

◩ **Signal No. +1 903 403 3338, +66 808 290 954**

◩ **အီးမေးလ်လိပ်စာ - GSCB.strike@pm.me**

(GSCB တွင် အောက်ပါအဖွဲ့အစည်းများ၊ လူထုတိုက်ပွဲ အင်အားစုများ ပူးပေါင်းပါဝင်ပါသည်)

၁။ စစ်အာဏာရှင်ဆန့်ကျင်ရေးပြည်သူ့အင်အားများချိတ်ဆက်ညှိနှိုင်းရေးကော်မတီ-မန္တလေး (AFCC-Mandalay)

၂။ အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (GSCC)

၃။ မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်းစု (MLA)

၄။ မန္တလေးသပိတ်အင်အားစု (MSF)

(က) သံဃသမဂ္ဂစစ်ကြောင်း

(ခ) မန္တလေးမဟာမိတ်တပ်ပေါင်းစုစစ်ကြောင်း

(ဂ) မြတောင်စစ်ကြောင်း

(ဃ) မန္တလာတက္ကသိုလ်ကျောင်းသားကျောင်းသူများစစ်ကြောင်း

(င) ချမ်းမြသာစည်မြို့နယ်လူထုသပိတ်စစ်ကြောင်း

(စ) မဟာအောင်မြေမြို့နယ်စုပေါင်းလူထုသပိတ်စစ်ကြောင်း

(ဆ) မန္တလေးလူငယ်သပိတ်စစ်ကြောင်း

(ဇ) အလက (၁၂)ထခွဲ အခြေခံပညာကျောင်းသားများသမဂ္ဂ(အကသ)

(ဈ) သမဝါယမတက္ကသိုလ်ကျောင်းသူကျောင်းသားများသပိတ်စစ်ကြောင်း

(ည) မန္တလေးမြို့အခြေစိုက်လူထုသပိတ်စစ်ကြောင်း

(ဋ) ဘာသာပေါင်းစုံသပိတ်စစ်ကြောင်း

(ဌ) MIIT ကျောင်းသား/ကျောင်းသူများသပိတ်စစ်ကြောင်း

(ဍ) ဒေါင်းစစ်သည် သပိတ်စစ်ကြောင်း

(ဎ) စိန်ပန်းသပိတ်စစ်ကြောင်း

(ဏ) စစ်မှုသပိတ်စစ်ကြောင်း

၅။ မန္တလေးအခြေစိုက် တက္ကသိုလ်ကျောင်းသားသမဂ္ဂများ သပိတ်စစ်ကြောင်း (MDY-SUs)

၆။ ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရ.တ.က.သ)

၇။ တိုင်းရင်းသားလူငယ်များအထွေထွေသပိတ်ကော်မတီ (မန္တလေး)

၈။ ကျန်းမာရေးမိသားစု-မန္တလေး(MFM)

၉။ White Coat Society Yangon - WCSY

၁၀။ CDM ဆေးပညာကွန်ရက် (CDMMN)

၁၁။ ရန်ကုန်အခြေစိုက်တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသများ-ရန်ကုန်)

၁၂။ လူထုသတင်းအချက်အလက်စီးဆင်းမှုကွန်ရက် (CIN)

၁၃။ စစ်အာဏာရှင်ဆန့်ကျင်ရေး ရန်ကုန်အင်အားစု

၁၄။ တကသကျောင်းသားဟောင်းများ အင်အားစု

၁၅။ မုံရွာလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ (မုံရွာ)

၁၆။ မုံရွာ-အမြင့်လမ်း သပိတ်ဦးဆောင်ကော်မတီ

၁၇။ ယင်းမာပင်-ဆားလင်းကြီး ရွာပေါင်းစုံသပိတ်ဦးဆောင်ကော်မတီ

၁၈။ ပုလဲမြို့နယ် လူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ

၁၉။ ဒီပဲယင်းမြို့နယ် တော်လှန်ရေးစစ်ကြောင်း ဦးဆောင်ကော်မတီ

၂၀။ လက်ပတောင်းတောင်ဒေသ ပင်မသပိတ်

၂၁။ ဝက်လက်မြို့နယ် လူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ

၂၂။ ကချင်ကျောင်းသားသမဂ္ဂ

၂၃။ တပ်ပေါင်းစုသပိတ်ကော်မတီ - ထားဝယ်

၂၄။ ထားဝယ်လူငယ်များ၏တော်လှန်ရေးလှုပ်ရှားမှုသပိတ်ကော်မတီ

၂၅။ ကလေးမြို့လူထုတိုက်ပွဲ ဦးဆောင်ကော်မတီ

၂၆။ မကွေးလူထုတိုက်ပွဲကော်မတီ

၂၇။ မြင်းခြံမြို့နယ်လူထုလှုပ်ရှားမှုကော်မတီ

၂၈။ ကြာအင်းဆိပ်ကြီးမြို့နယ် လူထုတိုက်ပွဲကော်မတီ

၂၉။ ပညာရေးအထွေထွေသပိတ်ကော်မတီ(GSCBHE)

(က) အခြေခံပညာရေးလုပ်သားသမဂ္ဂများတိုက်ပွဲဦးဆောင်ကော်မတီ (BEWU-SC)

(ခ) တက္ကသိုလ်ဆရာများသမဂ္ဂ ကိုယ်စားပြုကော်မတီ (RC of UTAs)

(ဂ) အခြေခံပညာအထွေထွေသပိတ်ကော်မတီ (BEGSC)

၃၀။ အခြေခံပညာကျောင်းသားထု လုပ်ငန်းဦးဆောင်ကော်မတီ

၃၁။ အမျိုးသမီးမဟာမိတ်အင်အားစု (Women Alliance of Burma - WAB)

(က) မန္တလေး အမျိုးသမီးသပိတ်စစ်ကြောင်း

(ခ) ရန်ကုန် အမျိုးသမီးသပိတ်စစ်ကြောင်း

(ဂ) မုံရွာပင်မ အမျိုးသမီးသပိတ်စစ်ကြောင်း

(ဃ) မုံရွာ-အမြင့် လမ်းဘေးကျေးရွာများ အမျိုးသမီးသပိတ်စစ်ကြောင်း

(င) ချင်းတွင်းမြစ်အနောက်ဘက် ကျေးရွာပေါင်းစုံ အမျိုးသမီးသပိတ်အင်အားစု

(စ) ကလေးမြို့ အမျိုးသမီးသပိတ်စစ်ကြောင်း

(ဆ) ဒီပဲယင်းမြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း

(ဇ) တန့်ဆည်မြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း

(ဈ) ထားဝယ်အရှေ့တော အမျိုးသမီးသပိတ်စစ်ကြောင်း

(ည) ဂန့်ဂေါမြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း

(ဋ) သရက်ချောင်း အမျိုးသမီးသပိတ်စစ်ကြောင်း

(ဌ) ဝက်လက်မြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း

(ဍ) အရာတော်မြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း

၃၂။ လိင်စိတ်ခံယူမှုကွဲပြားသူများ ကွန်ရက် (LGBT ALLIANCE)

(က) LGBT Union - Mandalay

(ခ) မုံရွာ LGBT သပိတ်စစ်ကြောင်း

(ဂ) LGBT Community Yangon

(ဃ) LGBT Alliance - Myanmar (ကလေးဒေသ)

(င) LGBT Alliance - Myanmar (ကျောက်ဆည်ဒေသ)

(စ) LGBT Alliance - Myanmar (ယင်းမာပင်ဒေသ)

၃၃။ ပြည်ကြီးတံခွန် သပိတ်အင်အားစု

၃၄။ အောင်မြေသာစံပညာရေးကျောင်းပေါင်းစုံ

၃၅။ Twitter Team for Revolution

၃၆။ အရာတော်မြို့နယ် လူထုသပိတ်

၃၇။ ချောင်းဦးမြို့နယ်လူငယ်သပိတ်အင်အားစုကော်မတီ

၃၈။ မြောင်လူငယ်ကွန်ရက်

၃၉။ ဖေယျာ့တိုင်းရဲ့ ၅/သပိတ်ကော်မတီ

၄၀။ ရွှေပန်းကုံးတိုက်နယ်လူထုတိုက်ပွဲဦးဆောင်ကော်မတီ

၄၁။ မေမြို့ပင်မအထွေထွေသပိတ်အင်အားစု

၄၂။ တန့်ဆည်ပင်မသပိတ်ကော်မတီ

၄၃။ ရေစကြိုမြို့နယ် လူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ

၄၄။ ကန့်ဘလူသပိတ်ကော်မတီ

(GSCB ၏ မိတ်ဖက်အဖွဲ့အစည်းများ)

၄၅။ ထားဝယ်ခရိုင်ဒီမိုကရေစီလှုပ်ရှားမှုသပိတ်ကော်မတီ - DDMSC

၄၆။ မြန်မာနိုင်ငံဘဏ်ဝန်ထမ်းများသမဂ္ဂ - MBUF

၄၇။ ကမ္ဘာလုံးဆိုင်ရာမြန်မာ့နွေဦးတော်လှန်ရေး - GMSR

၄၈။ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ ကော်မတီ - SURC

(ဤစာပေးပို့ရာတွင် အတူပူးပေါင်းပါဝင်ကြသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ တော်လှန်ရေး အင်အားစုများ)

၄၉။ Yangon Revolution Force – YRF

၅၀။ Defend Myanmar Democracy

၅၁။ Southern Dragon Myanmar

၅၂။ MyaYar Knowledge Tree

၅၃။ People Defense and Supporting Force

၅၄။ Myanmar Tourism Committee

၅၅။ ရေဘဝဲ ပြည်သူ့အကျိုးပြု လူငယ်အဖွဲ့အစည်း (Octopus – Youth Organization)

၅၆။ Generation Wave

၅၇။ Action Committee for Democracy Development

၅၈။ Freedom and Labor Action Group

၅၉။ ရန်ကုန်လူထုသပိတ်

၆၀။ Yangon Public Relations (YPR)

၆၁။ Blood Money Campaign (BMC)

၆၂။ Myanmar Muslim Revolution Force (MMRF)

၆၃။ Democratic Youth Council

၆၄။ Rangoon Scout Network - RSN

၆၅။ Raccoons Support Team - RST

၆၆။ Kyauktada Strike Group

၆၇။ Volunteers in Myanmar

၆၈။ ပညာရေးမိသားစု (စစ်အာဏာရှင်ဆန့်ကျင်ရေး ပညာရေးစစ်ကြောင်းများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ)

၆၉။ မန္တလေးအရပ်ဖက်အဖွဲ့အစည်းများ

၇၀။ CDM Support Team Mandalay (CSTM)

၇၁။ တောင်သာမြို့နယ် လူထုလှုပ်ရှားမှုကော်မတီ

၇၂။ အောင်ပင်လယ် ပင်မသပိတ်စစ်ကြောင်း

၇၃။ တမ္ဗဝတီ လူထုသပိတ်စစ်ကြောင်း

၇၄။ မန္တလေးမြို့ အ.ထ.က (၇) ကျောင်းသူ၊ ကျောင်းသားဟောင်းများ သပိတ်စစ်ကြောင်း

၇၅။ အဖမ်းဆီးခံပြည်သူများ ကိုယ်စားပြုသပိတ်စစ်ကြောင်း

၇၆။ မန္တလေးအင်ဂျင်နီယာများအဖွဲ့ (Mandalay Engineer Group)

၇၇။ မန္တလာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၇၈။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၇၉။ မန္တလေးနည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၈၀။ နည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၁။ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ကျောင်းသားများသမဂ္ဂ

၈၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၃။ ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၄။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၅။ ဆေးဝါးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၆။ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၇။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၈။ သူနာပြုတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၈၉။ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (မန္တလေး) ကျောင်းသားများသမဂ္ဂ

၉၀။ မန္တလေးကွန်ပျူတာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၉၁။ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

၉၂။ မန္တလေးပုဂ္ဂလိကတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (MPUSU)

၉၃။ သူနာပြုသင်တန်းကျောင်း(မန္တလေး)ကျောင်းသားများသမဂ္ဂ

၉၄။ သားဖွားသင်တန်းကျောင်း(မန္တလေး)ကျောင်းသားများသမဂ္ဂ

၉၅။ မန္တလေးအင်ဂျင်နီယာ တပ်ပေါင်းစု

၉၆။ မန္တလေး ကုန်စည်ဒိုင်သပိတ်စစ်ကြောင်း

၉၇။ သပြေညို သတင်းလွှာ

၉၈။ မန္တလေး ကဗျာဆရာများသမဂ္ဂ (Mandalay Poets' Union)

၉၉။ လူငယ်ကဗျာဆရာများသမဂ္ဂ

၁၀၀။ မန္တလေး၊ တက္ကသိုလ် ဒီဂရီ၊ ကောလိပ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ သပိတ်စစ်ကြောင်း

၁၀၁။ မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ သပိတ်စစ်ကြောင်း

၁၀၂။ မွတ်စ်လင်မ်လူငယ်များအဖွဲ့

၁၀၃။ ပုဂ္ဂလိက မူကြိုဆရာ၊ ဆရာမများအဖွဲ့

၁၀၄။ တိုက်ကွမ်ဒို အားကစားအသင်း

၁၀၅။ မြန်မာ့မီးရထား တိုင်းအမှတ် (၃) CDM ဝန်ထမ်းများ သပိတ်စစ်ကြောင်း

၁၀၆။ အခြေခံပညာ ကျောင်းသားလူငယ်များအစည်းအရုံး (အကလ)

(ဤစာပေးပို့ရာတွင် အတူပူးပေါင်းပါဝင်ကြသည့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာ အဖွဲ့အစည်းများ၊ တော်လှန်ရေး အင်အားစုများ)

Canada

၁၀၇။ Myanmar Student Association Ontario

၁၀၈။ Burmese Canadian Network, Myanmar Emergency Fund

France

၁၀၉။ Doh Atu - Ensemble pour le Myanmar

၁၁၀။ La Communauté Birmane de France

Germany

၁၁၁။ CRPH, NUG Support Team Germany - Deutschland

Italy

၁၁၂။ Myanmar Community in Italy

၁၁၃။ Italy - Burma Friendship Association

Japan

၁၁၄။ Association of United Nationality in Japan (AUN)

၁၁၅။ Burma Refugee Saving Association (B.R.S.A)

၁၁၆။ Chin Community of Japan (CCJ)

၁၁၇။ Chin Youth Organization of Japan (CYO-JP)

၁၁၈။ Colorful Spring (ရောင်စုံနွေဦး)

၁၁၉။ Dawei Youths in Japan (DYJ)

၁၂၀။ Dragon Dawn

၁၂၁။ Federation of Worker's Union of Burmese Citizens in Japan (FWUBC)

၁၂၂။ GenY For Revolution Japan

၁၂၃။ Global Myanmar Spring Revolution - Japan

၁၂၄။ Hope For Youth -Kyushu Japan

၁၂၅။ International Society of Myanmar Scholars and Professionals (Japan)

၁၂၆။ Japan Myanmar Future Creative Association (JMFCA)

၁၂၇။ Japan Myanmar Help Network - JMHN

၁၂၈။ Kachin Affairs Organizintion -Japan (KAO (Japan)

၁၂၉။ Karenni National Society (KNS)Japan

၁၃၀။ Karen National League Japan-KNL

၁၃၁။ Kansai Group Japan

၁၃၂။ KnowUsMoreMyanmar (KUM)

၁၃၃။ Kobe Myanmar Community (KMC)

၁၃၄။ League For Democracy in Burma (L.D.B Japan)

၁၃၅။ Palaw Supporting Group - Japan

၁၃၆။ Mon Youth For Federal Democracy (MYFD)

၁၃၇။ Myanmar Development Support Group (MDSG)

၁၃၈။ Federation of Worker's Union of Burmese Citizens in Japan

၁၃၉။ Myanmar Nationalities' Support Organization – JP (MNSO)

၁၄၀။ Palaw Supporting Group Japan

၁၄၁။ Myanmar Spring Revolution Japan (MSRJ)

၁၄၂။ Myanmar Tozan Club (MTC)

၁၄၃။ Myanmar Youth and Student Association, Japan (MYSA)

၁၄၄။ Myanmar's Youth Association Hokkaido (MYAH)

၁၄၅။ Okinawa Myanmar Association (OMA)

၁၄၆။ Palaung National Society Japan, PNS-Japan

၁၄၇။ People's Hope Spring Revolution (PHSR)

၁၄၈။ Punnyakari Mon National Society Japan,PMNS-Japan

၁၄၉။ Revolution Tokyo Myanmar (RTM)

၁၅၀။ ShizuYouth For Myanmar

၁၅၁။ Shan Community in Japan (SCJ)

၁၅၂။ Sone See Yar (Volunteer Group)

၁၅၃။ Spring Revolution Restaurant (SRR)

၁၅၄။ Tai Youths Network Japan (TYNJ)

၁၅၅။ Try Together At Japan (TTAJ)

၁၅၆။ Union of Myanmar Citizen Association – Japan

၁၅၇။ Voice For Justice

၁၅၈။ We Are One Saga MOSA

၁၅၉။ We for All

၁၆၀။ We Support

၁၆၁။ Yaw Funding Japan

၁၆၂။ Yokohama Pamphlet Campaign - Myanmar

၁၆၃။ ဂျပန်ပြည်မှ တွဲလက်များ

United Kingdom

၁၆၄။ Burma Campaign UK

၁၆၅။ With Myanmar UK

United States of America

၁၆၆။ USACM. US Advocacy Coalition for Myanmar

၁၆၇။ Sone Yay Foundation

၁၆၈။ We Support NUG-NB

၁၆၉။ Campaign for a New Myanmar

၁၇၀။ No Business With Genocide

၁၇၁။ Helping Hands for Burma (H2B)USACM

၁၇၂။ Save Myanmar San Francisco

၁၇၃။ Save Myanmar USA

New Zealand

၁၇၄။ Auckland Kachin Community NZ

၁၇၅။ Chin Community of Auckland

၁၇၆။ Citizen of Burma Award - New Zealand

၁၇၇။ Rvwang Community Association New Zealand

၁၇၈။ New Zealand Zo Community Inc.

၁၇၉။ Auckland Zomi Community

၁၈၀။ New Zealand Karen Association

၁၈၁။ Karenni Society New Zealand

၁၈၂။ Overseas Mon Association. New Zealand

၁၈၃။ Burmese Rohingya Welfare Organisation New Zealand

၁၈၄။ Shan Community (New Zealand)

၁၈၅။ Myanmar Gonye (New Zealand)

၁၈၆။ Federal Myanmar Benevolence Group (NZ)

၁၈၇။ New Zealand Doctors for NUG

၁၈၈။ 8888 Generation (New Zealand)

၁၈၉။ Burmese Community Group (Manawatu, NZ)

၁၉၀။ Nelson Myanmar Community New Zealand

၁၉၁။ Myanmar Community Christchurch New Zealand

၁၉၂။ Dunedin Myanmar Community New Zealand

၁၉၃။ Save Myanmar Fundraising Group (New Zealand)

၁၉၄။ Myanmar Students' Union in New Zealand

၁၉၅။ Myanmar Engineers - New Zealand

၁၉၆။ All Burma Democratic Face

၁၉၇။ National Advocacy Group - New Zealand

Netherlands

၁၉၈။ Netherlands Myanmar Solidarity Platform

Switzerland

၁၉၉။ Association Suisse-Birmanie

၂၀၀။ International Association, Myanmar-Switzerland (IAMS)

Australia

၂၀၁။ Action Against Myanmar Military Coup (Sydney)

၂၀၂။ Burmese Community Support Group (Sydney)

၂၀၃။ Myanmar Campaign Network

၂၀၄။ Support 4 Myanmar

၂၀၅။ Western Australia Myanmar Community

၂၀၆။ Western Australia Myanmar Democratic Network

၂၀၇။ Women Activists Myanmar

Czech Republic

၂၀၈။ Educational Initiatives Prague

Denmark

၂၀၉။ Myanmar action group Denmark

Finland

၂၁၀။ Padauk, Suomi-Myanmar Seura and Myanmar Diaspora Group Finland

Ireland

၂၁၁။ Ah Nah Podcast - conversations with Myanmar

၂၁၂။ CRPH & NUG Supporters Ireland

၂၁၃။ CRPH Funding Ireland

၂၁၄။ Burma Action Ireland

Thailand

၂၁၅။ Palaw Supporting Group - Thailand

၂၁၆။ Yaw Funding Thailand

Malaysia

၂၁၇။ Palaw Supporting Group - Malaysia

၂၁၈။ Yaw Funding Malaysia

Singapore

၂၁၉။ Palaw Supporting Group - Singapore

၂၂၀။ YW Funding Singapore

Norway

၂၂၁။ CRPH Support Group, Norway

၂၂၂။ Chin Comunity in Norway

၂၂၃။ K'cho Ethnic Association

၂၂၄။ Kachin Association Norway

၂၂၅။ Karenni Association - Norway

၂၂၆။ Matu Burma Foundation

၂၂၇။ Mon Association - Norway

၂၂၈။ Myanmar Baptist Churches in Norway

၂၂၉။ Myanmar Catholic Community In Norway

၂၃၀။ Myanmar Community in Norway

၂၃၁။ Myanmar Hindu Community - Norway

၂၃၂။ Myanmar Muslim Organization - Norway

၂၃၃။ NLD Organization Committee (International) Norway

၂၃၄။ Norway Matu Community

၂၃၅။ Norway Rawang Community

၂၃၆။ Rohingya Community in Norway

၂၃၇။ Youth for democratization of Myanmar (UDM)

၂၃၈။ Zomi Christian Fellowship of Norway

၂၃၉။ Zomi Community Norway

၂၄၀။ Democratic Party for a New Society, Norway.

၂၄၁။ Norway Falam Community

၂၄၂။ Aung San Su Kyi Park, Norway

GLOBAL

၂၄၃။ Myanmar Global Support Foundation (MGSF)

၂၄၄။ International Campaign for the Rohingya

(နောက်ဆက်တွဲ- ထပ်မံပူးပေါင်းပါဝင်လာသော မိတ်ဖက်အဖွဲ့အစည်းများ)

၂၄၅။ Muslim Youth Network

၂၄၆။ Anti Dictatorship in Burma - DC Metropolitan Area (ADB-DCMA)

၂၄၇။ Green Peasant Institute - GPI

၂၄၈။ Peace for Burma, Vancouver, Canada

၂၄၉။ Political Prisoners Network-Myanmar

၂၅၀။ Sitt Nyein Pann Foundation

၂၅၁။ Los Angeles Myanmar Movement (LA2M)

၂၅၂။ MAI Myanmar (Minority Affairs Institute)

၂၅၃။ Ah Nah Podcast - Conversations with Myanmar

၂၅၄။ တ.က.သများ ကွန်ရက် -မုံရွာ

(က) မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

(ခ) မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

(ဂ) နည်းပညာတက္ကသိုလ်-မုံရွာ ကျောင်းသားများသမဂ္ဂ

၂၅၅။ ကနီမြို့နယ် လူထုသပိတ်ကော်မတီ